YOMA FMI YOMA GROUP YOMA PEOPLE 2020

# Yoma Bulletin

# ရိုးမ သတင်းစဉ်

## Group Bi-weekly highlights




This will be our final bulletin issue to wrap up 2020 as the year draws to a close.

This year has been a disruptive one for most of us. But nevertheless, there are many things to be grateful for, and many milestones to celebrate.

ယခုထုတ်ပြန်သည့် ရိုးမသတင်းစဉ်သည် ၂၀၂၀ ခုနှစ်အတွက် နောက်ဆုံး အမှတ်စဉ် ဖြစ်ပါသည်။

ဒီနှစ်သည် ကျွန်ုပ်တို့အများစုအတွက် ခက်ခဲသောနှစ်ဖြစ်ခဲ့ပါသည်။ သို့ရာတွင် ကျွန်ုပ်တို့ကျေးဇူးတင်ထိုက်သော အရာများစွာရှိပြီး အောင်မြင်မှုများစွာလည်း ရရှိခဲ့ပါသည်။

**HR ANNOUNCEMENTS**

## Digitalising Medical Claims

From 1st Jan 2021, HR will only accept Medical Claim Form digitally. Employees can now send their receipts digitally and all medical reimbursements will be paid by Wave Money. To find out more, log into Yoma Connect or email AskHr for any enquiries.

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ HR သည် ဆေးကုသကုန်ကျစရိတ်များကို ဒီဂျစ်တယ်စနစ်ဖြင့် လျှောက်ထားခြင်းကိုသာ လက်ခံတော့မည်ဖြစ်သည်။ ဝန်ထမ်းများသည် ယခုအခါ သူတို့၏ ကျန်းမာရေးအတွက် ကုသသည့် ကုန်ကျစရိတ်တောင်းခံမှုများအားလုံးကို ဒီဂျစ်တယ်စနစ်ဖြင့် ပေးပို့ပြီး Wave Money မှတစ်ဆင့် ကုန်ကျ ငွေကို ပြန်လည်ပေးသွားမှာ ဖြစ်ပါသည်။ အခြားမေးမြန်းလိုသည်များရှိပါက AskHr ထံ Yoma Connect (သို့) အီးမေးလ်မှတစ်ဆင့် မေးမြန်းနိုင်ပါသည်။

## Message from the Covid Command Center

As we celebrate this year-end holiday period, a reminder to anyone who is planning to travel back to your home country, hometown or vacation within Myanmar, please remember to submit your travel declaration. "Please remember to submit your travel declaration and adhere to social distancing guidelines."

ကျွန်ုပ်တို့သည် ယခုနှစ်ကုန်အချိန် ခရီးများထွက်ကြမည်ဖြစ်ရာ မိမိမွေးရပ်မြေနိုင်ငံ၊ မြို့ထံ ပြန်မည့်သူများ (သို့) မြန်မာနိုင်ငံအတွင်း အပျော်ခရီးထွက်မည့်သူများသည် ခရီးသွားလျှောက်လွှာဖောင်ကိုမဖြစ်မနေပေးပို့ရပါမည်။အချင်းချင်းခပ်ခွာခွာနေရမည့် စည်းကမ်းချက်များကိုလည်း မမေ့မလျော့ လိုက်နာကြရပါမည်။

PEOPLE 2020

# MILESTONES

We entered 2020 with a commitment to place the highest priority on our people as we believe that people are key to the success of the Group. We decided to launch People 2020 - a series of initiatives aimed at making everyone working at Yoma Group feel valued, and making our daily lives better.

The year 2020 has not been like any other year. The COVID-19 pandemic was a test in so many ways. But despite a challenging year, we held strongly to our commitment on our People 2020 program.

Let's see what we have achieved in the past year.

ကျွန်ုပ်တို့၏ဝန်ထမ်းများသည် လုပ်ငန်းစုအောင်မြင်ရေးအတွက် အဓိက သော့ချက်ဖြစ်သည့်အတွက် ၂၀၂၀ ခုနှစ်တွင် ကျွန်ုပ်တို့၏ ဝန်ထမ်းများကို အထူးဦးစားပေးမည်ဟူသော သံန္နိဋ္ဌာန်ဖြင့် စတင်ခဲ့ပါသည်။ ကျွန်ုပ်တို့သည် ရိုးမရှိ ဝန်ထမ်းတိုင်းအား တန်ဖိုးထားသည်ကို သူတို့ခံစားမိစေပြီး သူတို့၏ နေ့စဉ်ဘဝ ပိုကောင်းလာစေရန် အစီအစဉ်ပေါင်းများစွာပါဝင်သော People 2020 စီမံကိန်းကို စတင်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

၂၀၂၀ ခုနှစ်သည် အခြားနှစ်များနှင့် မတူပါ။ COVID-19 ကူးစက်ရောဂါသည် ကျွန်ုပ်တို့ကို နည်းလမ်းများစွာဖြင့် စမ်းသပ်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် စိန်ခေါ်မှုများစွာ ရှိခဲ့သော်လည်း ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်ဖြစ်သော People 2020 အစီအစဉ်ကို မဖြစ်မနေ စတင်ခဲ့ပါသည်။

ပြီးခဲ့သောနှစ်အတွင်း ကျွန်ုပ်တို့ကြိုးစားရရှိခဲ့သည့် ရလဒ်များကို ကြည့်လိုက်ကြရအောင်။

## Yoma Family Healthcare

***Providing a more comprehensive medical coverage***

The onset of COVID-19 brought to mind the importance of the health and safety of our employees. The Yoma Family Healthcare was updated to include all medical benefits such as online consultations, outpatient consultation and emergency surgical procedures. A special frontline healthcare insurance was also put in place for a period of time to protect our frontline employees. The aim is to ensure the wellbeing of all our employees.

COVID-19 ကြောင့် ကျွန်ုပ်တို့ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေးသည် အလွန်အရေးကြီးကြောင်း သတိမူလာခဲ့ပါသည်။ Yoma Family Healthcare တွင် အွန်လိုင်းမှကျန်းမာရေးတိုင်ပင်ဆွေးနွေးခြင်း၊ ပြင်ပလူနာတိုင်ပင်ဆွေးနွေးခြင်းနှင့် အရေးပေါ်ခွဲစိတ်ခြင်းတို့ကိုလည်း ထပ်ဆောင်းဖြည့်စွက်ခဲ့ပါသည်။ လတ်တလော အခြေအနေတွင် ကျွန်ုပ်တို့၏ ရှေ့တန်းမှဝန်ထမ်းများကို ကာကွယ်နိုင်ရန် သူတို့အတွက် အထူးစီမံထားသည့် ကျန်းမာရေးအာမခံကိုလည်း ထည့်သွင်းခဲ့ပါသည်။ ထိုလုပ်ဆောင်ချက်များသည် ကျွန်ုပ်တို့ဝန်ထမ်းများအားလုံး၏ ဘေးကင်း ကျန်းမာရေးအတွက် ရည်ရွယ်ထားခြင်းဖြစ်ပါသည်။

## YOMA+

***Supporting employees with lease-to-buy digital devices***

We created an exclusive employee benefit scheme that allows staff to purchase brand-new device of their choosing with a fixed 12-monthly payment scheme. Employees could choose their preferable smart devices from a variety of brands such as Apple, Samsung, Vivo and more. No down payment needed, no admin fees required and available to all employees.

အထူးအကျိုးခံစားခွင့်အနေဖြင့် ဝန်ထမ်းများ စိတ်တိုင်းကျ ဝယ်ယူလိုသည့် မိုဘိုင်းဖုန်းနှင့် အခြားဒစ်ဂျစ်တယ်စက်ပစ္စည်းများကို ၁၂ လ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်စေမည့် အစီအစဉ်တစ်ရပ်ကို ဖော်ဆောင်ပေးခဲ့ပါသည်။ ဝန်ထမ်းများသည် Apple၊ Samsung၊ Vivo နှင့် အခြားအမှတ်တံဆိပ်များ အနက်မှ မိမိနှစ်သက်သည်ကို ရွေးချယ်ဝယ်ယူနိုင်ပါသည်။ ဤအစီအစဉ်သည် ဝန်ထမ်းများအားလုံးအတွက် အကျုံးဝင်ပြီး လက်ငင်းငွေပေးချေရန်နှင့် စာရင်းပေးသွင်းသည့် အခကြေးငွေများ ပေးသွင်းရန် မလိုအပ်ပါ။

PEOPLE 2020

Yoma Employee Perks

***Bringing the best deals and discount for all***

In March, we rolled out the Yoma Employee Perks which brings together all the best deals and discounts to all our employees. From Home loan to Carshare, educational discounts to F&B deals, the team worked with all our business entities and some brands outside of the Group to bring more than 20 deals and discounts to our Yoma Family.

ကျွန်ုပ်တို့ဝန်ထမ်းများ အကောင်းဆုံးနှင့် အထူးလျှော့ဈေးများကို တစ်စုတစ်စည်းတည်း ရရှိနိုင်ရန် မတ်လတွင် Yoma Employee Perks ကို စတင်ခဲ့ပါသည်။ အိမ်ရာချေးငွေမှအစ Carshare ၊ ပညာရေးအတွက်သင်တန်း လျှော့ဈေးများ၊ စားသောက်ကုန်များအထိ အထူးလျှော့ဈေးများကို ဝန်ထမ်းများရရှိနိုင်ရန် ကျွန်ုပ်တို့အဖွဲ့သားများသည် လုပ်ငန်းစုအတွင်းနှင့် ပြင်ပရှိ အမှတ်တံဆိပ်များနှင့်ချိတ်ဆက်၍ အမှတ်တံဆိပ်ပေါင်း ၂၀ ကျော်၏ လျှော့ဈေးများကို ရိုးမမိသားစုဝင်များ အတွက်ရရှိအောင် လုပ်ဆောင် နိုင်ခဲ့ကြပါသည်။

## New Yoma Orientation

***Building Yoma culture from day one***

A brand-new orientation program was created to help new employees to better understand the Group's businesses, structure and culture from the moment they join the Yoma Family. We believe strong culture and a good sense of belonging is key to a pleasant and productive workforce. Nearly 70 new employees had participated in this new orientation program this year.

ရိုးမ၏စီးပွားရေးလုပ်ငန်းများ၊ လုပ်ငန်းလည်ပတ်တည်ဆောက်ပုံနှင့်ယဉ်ကျေးမှု အလေ့အထများကို ဝန်ထမ်းအသစ်များ အလုပ်စတင်ဝင်ရောက်ချိန်မှစ၍ သိရှိနားလည်နိုင်စေရန် ဝန်ထမ်းမိတ်ဆက်သည့် အစီအစဉ်အသစ်ကို စတင်ခဲ့ပါသည်။ အားကောင်းသော ယဉ်ကျေးမှုအလေ့အထရှိခြင်းနှင့် ရိုးမမိသားစုဝင်အဖြစ် ဂုဏ်ယူနိုင်မှုသာ ထိရောက်မှုရှိပြီး ပျော်စရာကောင်းသော လုပ်ငန်းခွင်ဖြစ်လာစေမှာဖြစ်ပါသည်။ ယခုနှစ်၏ အဆိုပါ ဝန်ထမ်းမိတ်ဆက်ပွဲ အစီအစဉ်အသစ်တွင် ဝန်ထမ်းအသစ်ပေါင်း ၇၀ ခန့် ပါဝင်တက်ရောက်ခဲ့ကြပါသည်။

# PEOPLE 2020 MILESTONES

## YOMA CONNECT

***Creating an all-inclusive internal communication channel***

We relaunched a new and improved Yoma Connect in the second quarter of the year. Yoma Connect is a one-stop shop for staff to access the latest policies, information, activities of the Group. We also launched a new Chat feature on Yoma Connect. With the limitations of not having our entire workforce on email and Workplace communication, this will be the first time that all our employees will be able to chat with each other, regardless of their level of employment. The Chat feature has individual chats, group chats, voice and video capabilities where employees could now better communicate with their colleague cross-entities and departments.

ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ထားသည့် Yoma Connect ကို ယခုနှစ်၏ ဒုတိယနှစ်ဝက်တွင် အားလုံးနှင့် မိတ်ဆက်ခဲ့ပါသည်။ ဝန်ထမ်းများသည် နောက်ဆုံးထုတ်ပြန်ထားသည့် မူဝါဒများ၊ သတင်းအချက်အလက်များနှင့် လုပ်ငန်းစု၏ လှုပ်ရှားမှုများကို Yoma Connect တွင် စုစည်းတင်ပြထားပါသည်။ လုပ်သားအင်အားစုအတွင်း အချင်းချင်း ချိတ်ဆက်နိုင်ရန် ဝန်ထမ်းတိုင်း အီးမေးလ်နှင့် Workplace မရှိသော်လည်း ယခုအခါဝန်ထမ်းများအားလုံးသည် မည်သည့် နေရာ ရာထူးမှ တာဝန်ထမ်းဆောင်နေစေကာမူ Yoma Connect ဖြင့် ပထမဆုံးအကြိမ် အချင်းချင်းချိတ်ဆက်ပြောဆိုနိုင်မှာ ဖြစ်ပါသည်။ Chat Function တွင် တစ်ဦးချင်းစီနှင့် ပြောဆိုခြင်း၊ အုပ်စုဖွဲ့၍ ပြောဆိုခြင်း၊ အသံနှင့် ဗီဒီယိုခေါ်ဆိုမှုများ ပြုလုပ်နိုင်သဖြင့် ဝန်ထမ်းများသည် ယခုအခါ အခြားလုပ်ငန်းဌာနရှိ လုပ်ဖော်ကိုင်ဖက်များနှင့် ပိုမိုထိရောက်စွာ ချိတ်ဆက်ပြောဆိုနိုင်မှာ ဖြစ်ပါသည်။

## Yoma Virtual talks

***Closing the gaps between top management and employees***

To close the communication gap between top management and employees, we also held a series of Teatime with Melvyn, Town Halls, Wednesday Clubs – all virtually.

ထိပ်သီးရှိ စီမံခန့်ခွဲမှုအဖွဲ့နှင့် ဝန်ထမ်းများအကြား ချိတ်ဆက်ပြောဆိုမှုများ ပိုမိုနီးစပ်လာစေရန် ကျွန်ုပ်တို့သည် Teatime with Melvyn ၊ Town Hall နှင့် Wednesday Club အစီအစဉ်များကို အွန်လိုင်းမှ စီစဉ်ကျင်းပခဲ့ပါသည်။

## Yoma Social Clubs

***Encouraging a pleasant workplace with outside of work passion***

We believe in the importance of a work life balance. With the aim to to encourage employees to pursue non work-related passions, we set up a framework for employees to start their social clubs. More than 11 social clubs have been launched so far this year, each championed by a Yoma employee. This social club initiative also aims to encourage cross-entity engagement based on shared personal interest.

ကျွန်ုပ်တို့သည် အလုပ်နှင့် ကိုယ်ပိုင်ဘဝ သင့်တင့်မျှတမှုရှိခြင်းမှာ အရေးကြီးသည်ကို ယုံကြည်ပါသည်။ ဝန်ထမ်းများအား အလုပ်နှင့် မသက်ဆိုင်သည့် ကိုယ်ပိုင်ဝါသနာပါသည်များကိုလည်း လုပ်ဆောင်စေလိုသည့် ရည်ရွယ်ချက်ဖြင့် Social Club များ စတင်ဖွဲ့စည်းနိုင်စေရန် လုပ်ငန်းမူဘောင်များ ချမှတ်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်အတွင်း Social Club ပေါင်း ၁၁ ခုကျော် ဖွဲ့စည်းခဲ့ပြီး တစ်ဖွဲ့ချင်းစီကို Exco အဖွဲ့ဝင်နှင့် ဝန်ထမ်းများမှ ဦးဆောင်စီမံပါသည်။ ထို Social Club များကြောင့် လုပ်ငန်းဌာနအမျိုးမျိုးမှ ဝါသနာတူသည့် ဝန်ထမ်းအချင်းချင်း ကိုလည်း ပိုမိုချိတ်ဆက်ပြောဆိုလာစေပါသည်။

## Yoma Challenge

***Promoting cross entity bonding***

To promote cross entity bonding, we also launched a once-a-month Yoma Challenge. Each month, we launch a challenge online, and the team with the largest number of participants wins. These challenges encouraged healthy competition across the group with great fun and laughter. We organised eight challenges so far this year. The "Water bucket challenge" was the most popular with more than 800 employees participated in the challenge.

လုပ်ငန်းဌာနအချင်းချင်းရင်းနှီးမှုရှိလာစေရန်တစ်လလျှင်တစ်ကြိမ်ကျင်းပသည့် Yoma Challenge ကိုလည်း စတင်ခဲ့ပါသည်။ လစဉ် အွန်လိုင်းမှတစ်ဆင့် Challenge တစ်ခုပြုလုပ်ကာ ဝန်ထမ်းအများဆုံးပါဝင်သော အဖွဲ့သည် အနိုင်ရအဖွဲ့ဖြစ်ပါသည်။ ထိုသို့သော Challenge များသည် လုပ်ငန်းစုရှိ ဝန်ထမ်းအချင်းချင်းအား ပျော်ရွှင်ရယ်မောစွာဖြင့် ယှဉ်ပြိုင်စေပါသည်။ ယခုနှစ်တွင် Challenge ပေါင်း ရှစ်ခုကို ကျင်းပလုပ်ဆောင်ခဲ့ပြီးဖြစ်ကာ "Water Bucket Challenge" မှာ နာမည်အကြီးဆုံးဖြစ်၍ ဝန်ထမ်းပေါင်း ၈၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါသည်။

## Yoma Bulletin

ရိုးမ သတင်းစဉ် Group Bi-weekly highlights

***Consolidating groupwide news and updates for all***

Launched more then 20 issues, twice a month, we sent out the Yoma Bulletin, which consolidates group wide key highlights, entity news, HR announcements, in both English and Myanmar language.

လုပ်ငန်းစု၏ အရေးကြီး အကြောင်းအရာများ၊ လုပ်ငန်းဌာနများ၏ သတင်းများ၊ HR ဌာန၏ ထုတ်ပြန်ချက်များကို အင်္ဂလိပ် မြန်မာ ဘာသာနှစ်မျိုးဖြင့် စုစည်းတင်ပြထားသည့် Yoma Bulletin ကို တစ်လလျှင် ၂ ကြိမ်ဖြင့် ထုတ်ပြန်ခဲ့ရာ အစောင်ရေပေါင်း ၂၀ ကျော် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

## PEOPLE 2020 MILESTONES

### Yoma Family (Anagat) Program

***Focusing on work-life balance and wellness***

At Yoma, we care about work-life balance and wellness of our employees. The team has very thoughtfully put together a new Yoma Family initiative - also called the Anagat program aimed at helping families and women achieve a more balanced family and work life. The program is one of a kind in Myanmar. It includes a more flexible maternity leave policy and associated healthcare support, as well as measures to help new mothers adapt to becoming a mom while at the same time continue with their career.

ရိုးမတွင်ကျွန်ုပ်တို့ဝန်ထမ်းများ၏ ကျန်းမာပျော်ရွှင်ရေး၊ အလုပ်နှင့် ကိုယ်ပိုင်ဘဝသင့်တင့်မျှတရေးကိုဂရုစိုက်ပါသည်။ အဖွဲ့သားများသည် ရိုးမမိသားစုဝင်ရှိအိမ်ထောင်ရှိသော ဝန်ထမ်းများနှင့် အမျိုးသမီးဝန်ထမ်းများအား မိသားစုဘဝနှင့် အလုပ်ဘဝ ပိုမိုမျှတမှုရှိလာစေရန် Anagat (အနာဂတ်) ဟုခေါ်သော အစီအစဉ်တစ်ရပ်ကို စတင်ခဲ့ပါသည်။ ၎င်းသည် မြန်မာနိုင်ငံတွင် မရှိဖူးသေးသော အစီအစဉ်တစ်ခုဖြစ်ရာ ပို၍လိုက်လျောညီထွေမှုရှိသော မီးဖွားခွင့်မူဝါဒများနှင့် လိုအပ်သည့် ကျန်းမာရေးကူညီစောင့်ရှောက်မှုများအပြင် ပထမဆုံးအကြိမ် သားဖွားမိခင်များ အလုပ်ပြန်ဝင်နိုင်ရန်နှင့် တစ်ဖက်တွင်လည်း မိခင်ဖြစ်လာခြင်းအပေါ် အသားကျလာစေရန် ကူညီပေးနိုင်မည့် လုပ်ဆောင်ချက်များပါဝင်ပါသည်။

### Yoma Eats

***Improving better food options, prices and space***

It's not just about the space where we eat, but it's also about how we spend our time outside of our desk space. The new Campus canteen layout has been thoughtfully designed to promote creative thinking, collaboration and social hang-outs. Not only has the canteen been given a facelift, so has our food options. After much hustling, the Campus admin team signed a new food provider Myanmar Food For Thoughts (MFFT). Campus employees can now enjoy better and healthier food options, all at cheaper price points.

ကန်တင်းဟူသောနေရာသည် ကျွန်ုပ်တို့စားသောက်ရန်အတွက်သာမက အလုပ်စားပွဲပြင်ပအချိန်ကျွန်ုပ်တို့သွားရောက်အချိန်ကုန်ဆုံးသည့်နေရာလည်း ဖြစ်ပါသည်။ ကန်တင်းအသစ်တွင် ဝန်ထမ်းများ အိုင်ဒီယာအသစ်များအား လာရောက်စဉ်းစားနိုင်စေရန်၊ အချင်းချင်း အတူပူးပေါင်းဆောင်ရွက်စေရန်နှင့် လူမှုရေးရာ တွေ့ဆုံမှုများအတွက် ရည်ရွယ်၍ ဒီဇိုင်းပုံစံအသစ်ကို စနစ်တကျ ပြန်လည်ရေးဆွဲထားပါသည်။ ဒီဇိုင်းပုံစံသာမက အစားအသောက်များလည်း ပိုမိုကောင်းမွန်လာမှာဖြစ်ပါသည်။ အကြိမ်ပေါင်းများစွာ ကြိုးစားပြီးနောက် Campus အဖွဲ့ရှိ Admin အဖွဲ့သားများသည် အစားအသောက်ရောင်းချသူ Myanmar Food For Thoughts (MFFT) နှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ပါသည်။ မကြာမီတွင် ပိုမိုများပြားသော ရွေးချယ်စရာများနှင့် ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များကို ဈေးသက်သာစွာဖြင့် ဝယ်ယူသုံးဆောင်နိုင်မှာ ဖြစ်ပါသည်။

## COMING SOON . . . YOMA PEOPLE 2021

As we come to the end of 2020, it is by no means the end of our People 2020 program. As we enter into a new year, we will be rolling out our People 2021 programs. Here's a peek of what's in store for People 2021.

၂၀၂၀ ခုနှစ် ကုန်ဆုံးတော့မှာ ဖြစ်သော်လည်း People 2020 အစီအစဉ်မှာ ပြီးဆုံးသွားမည်မဟုတ်ပါ။ နှစ်သစ်ကို ရောက်ရှိလာသည်နှင့် ကျွန်ုပ်တို့၏ People 2021 အစီအစဉ်ကို စတင်သွားမှာ ဖြစ်ပါသည်။ People 2021 အတွက် ဘာတွေစီစဉ်ထားလဲဆိုတာကို ကြည့်လိုက်ကြရအောင်။

### Yoma Savings Plan

***Providing a way to build wealth and security to use for retirement***

Yoma invest in people and strives to create a holistic approach through your employment. Yoma Saving Plans is a way for employees to invest for their retirement. Employees put in a percentage of their monthly salary into the plan which is matched by Yoma to grow their savings over time. The Yoma Savings Plan is targeted to launch in the first quarter of 2021. Stay tuned for more details.

ရိုးမသည် ဝန်ထမ်းများအပေါ်တွင် ရင်းနှီးမြှုပ်နှံပြီး အလုပ်ခန့်အပ်မှုမှတစ်ဆင့် ဝန်ထမ်းများ အကျိုးရှိလာစေရန် အစဉ်ကြိုးပမ်းလျက်ရှိပါသည်။ ရိုးမ၏ ငွေစုအစီအစဉ်သည် ဝန်ထမ်းများ မိမိတို့ပင်စင်ယူပြီးနောက်ပိုင်းအတွက် ရင်းနှီးမြှုပ်နှံနိုင်ရန် စီစဉ်ထားခြင်းဖြစ်ပါသည်။ ဝန်ထမ်းများသည် မိမိလစာ၏ တစိတ်တပိုင်းကို ငွေစုအစီအစဉ်ထဲ ထည့်သွင်းကာ ရိုးမမှ ထပ်ဆောင်းဖြည့်ပေးခြင်းဖြင့် မိမိတို့၏ စုငွေမှာ အချိန်နှင့်အမျှ တိုးပွားလာမှာ ဖြစ်ပါသည်။ ရိုးမ၏ငွေစုအစီအစဉ်ကို ၂၀၂၁ခုနှစ် နှစ်ဆန်းပိုင်းတွင် စတင်မိတ်ဆက်သွားမှာဖြစ်ပြီး အသေးစိတ် အချက်အလက်များကို ထပ်မံဖော်ပြပေးသွားမှာ ဖြစ်ပါသည်။

### Yoma Wellness

***Enabling a better mind, better body for all***

Pun Hlaing Hospitals and Group HR are working on introducing a series of programs on the importance of mental health and wellbeing. From virtual talks to small group discussions, the newly set up emerging healthcare team from Pun Hlaing Hospitals strives to bring a unique mental health program for all with their medical expertise.

ပန်းလှိုင်ဆေးရုံနှင့် Group HR သည် ဝန်ထမ်းများ၏ စိတ်ကျန်းမာပျော်ရွှင်ရေးအတွက် စီမံရေးဆွဲထားသည့် အစီအစဉ်များနှင့် မိတ်ဆက်ပေးသွားမှာ ဖြစ်ပါသည်။ အွန်လိုင်းမှ စကားပြောဆိုခြင်း၊ အုပ်စုဖွဲ့၍ ဆွေးနွေးတိုင်ပင်ခြင်း၊ ပန်းလှိုင်ဆေးရုံမှ အသစ်ဖွဲ့စည်းထားသည့် Emerging Healthcare အဖွဲ့မှ သူတို့၏ ဆေးပညာ ကျွမ်းကျင်မှုများဖြင့် တမူထူးခြားကောင်းမွန်သည့် စိတ်ကျန်းမာရေး အစီအစဉ်တစ်ခုကို ကြိုးပမ်းဖော်ဆောင်သွားမှာ ဖြစ်ပါသည်။

# 2020 IN REVIEW

YOMA STRATEGIC HOLDINGS LTD. FMI
YOMA GROUP

**MAR**

Partnership between Yoma Bank and Prudential Myanmar Life Insurance Limited to provide life insurance solutions to Myanmar people.

**APR**

GIC and Norfund acquired US$ 88.7 million worth of equity shareholding stakes in Yoma Bank.

Yoma Bank partnered with Mastercard to connect Myanmar's consumers and businesses to the global digital economy.

**MAY**

Partnership with Ant Group to promote financial inclusion in Myanmar. Ant Group investing US$73.5 million in Wave Money.

Emerging Healthcare Unit set up to provide healthcare services through smart digitised solutions.

**JUN**

Plans to expand its presence in Myanmar's fintech industry by increasing its stake in Wave Money with the acquistion of the entirety of Telenor's 34.2% interest for US$76.5 million.

**JUL**

Pun Hlaing Hospitals garnered three awards: 'Hospital of the year', 'Patient Safety Initiative of the year', 'Service Delivery Innovation Initiative of the year' from the Healthcare Asia Award 2020.

**AUG**

First-ever landed property in StarCity: Star Villas was successfully launched on 15 August.

The first three buildings of City Loft namely A1, B2 and B1 were handed over to owners.

**SEP**

The launch of North Dagon Clinic. The North Dagon Clinic provide services ranging from outpatients, pharmacy, x-rays, ultrasound imagining and medical checkup packages.

Exclusive partnership agreement signed with Prudential Myanmar Life Insurance Limited to facilitate digitalisation and affordable healthcare.

The launch of Taw Win Clinic launch. To accommodate an increasing number of patients and to provide a better healthcare service, the clinic has moved from downtown Yangon to Taw Win St. The Clinic provides services ranging from primary care to acute care and open daily 9am to 8pm.

**OCT**

Pun Hlaing Siloam Hospitals renamed as Pun Hlaing Hospitals ("PHH"). The rebranding was made through YOMA-OUE Healthcare, pursuant to a joint venture between FMI and OUE Lippo Healthcare Singapore.

**NOV**

Pun Hlaing Hospital - Hlaing Thar Yar has received permission from the Myanmar's Ministry of Health and Sports and is the first private hospital to provide Antigen Rapid Diagnostic Test kit and Covid Treatement to the public in Myanmar.

Announcement of the second real estate development project under the "City Loft" brand: City Loft West and the Star Hub, the first suburban commercial workspace.

**DEC**

Yoma Central was awarded Best Retail and Mixed-Use Development Myanmar and highly commended for the Best Office Development Myanmar trophies.

Yoma Central was awarded Best Retail Development Asia.

# 2020 ခုနှစ်၏ အကျဉ်းချုပ်

YOMA STRATEGIC HOLDINGS LTD. FMI PART OF THE YOMA GROUP
YOMA GROUP

## MAR

ရိုးမဘဏ်နှင့် Prudential Myanmar Life Insurance Limited တို့သည် မြန်မာနိုင်ငံ၏ ပြည်သူများအတွက် အသက်အာမခံဝန်ဆောင်မှု ပေးအပ်နိုင်ရန် သီးသန့်မိတ်ဖက်ဖွဲ့စည်းမှုကို ပြုလုပ်ခဲ့ပါသည်။

## APR

GIC နှင့် Norfund တို့သည် ပျမ်းမျှအားဖြင့် အမေရိကန်ဒေါ်လာ ၈၈.၇ သန်း တန်ဖိုးရှိသော ရိုးမဘဏ်၏ အစုရှယ်ယာများကို ဝယ်ယူခဲ့ပါသည်။

## MAY

မြန်မာနိုင်ငံတွင် ဘဏ္ဍာရေးဝန်ဆောင်မှု အသုံးပြုနိုင်ရေးကို မြှင့်တင်လုပ်ဆောင်ရန် Ant Group နှင့် မိတ်ဖက်လုပ်ကိုင်ခဲ့ပါသည်။ Ant Group မှ Wave Money တွင် အမေရိကန်ဒေါ်လာ ၇၃.၅ သန်း ရင်းနှီး မြှုပ်နှံခဲ့ပါသည်။

ရိုးမဘဏ်သည် Mastercard နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံ၏ သုံးစွဲသူများနှင့် စီးပွားရေးလုပ်ငန်းများကို ကမ္ဘာ့ဒီဂျစ်တယ် စီးပွားရေးနှင့် ချိတ်ဆက်နိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။

## JUN

Smart Digitised Solution များဖြင့် ကျန်းမာရေးဝန်ဆောင်မှုများပေးစွမ်းနိုင်ရန် ကျန်းမာရေးစောင့်ရှောက်မှု ပုံစံအသစ် (EH) ကို တည်ထောင်ခဲ့ပါသည်။

မြန်မာနိုင်ငံအတွင်း ၎င်း၏ မိုဘိုင်းဘဏ္ဍာရေးလုပ်ငန်းကို တိုးချဲ့ရန် Wave Money တွင်ရှိသည့် Telenor ၏ အစုရှယ်ယာအားလုံးဖြစ်သော ၃၄.၂% ကို အမေရိကန်ဒေါ်လာ ၇၆.၅ သန်းဖြင့် ဝယ်ယူခဲ့ပါသည်။

## JUL

ပန်းလှိုင်ဆေးရုံသည် Healthcare Asia Award 2020 မှ ချီးမြှင့်သည့် တစ်နှစ်တာအကောင်းဆုံးဆေးရုံဆု၊ တစ်နှစ်တာလူနာများ ဘေးကင်းလုံခြုံမှုအတွက် စတင်ဆောင်ရွက်ခဲ့သည့်ဆေးရုံဆုနှင့် တစ်နှစ်တာ ဝန်ဆောင်မှုနှင့်ပတ်သက်သော တီထွင်ဆန်းသစ်မှုဆုတို့ကို ဆွတ်ခူးရရှိခဲ့ပါသည်။

## AUG

StarCity အိမ်ရာ၏ ပထမဆုံးအကြိမ်အဖြစ် Star Villas ဟုခေါ်သော မြေယာပိုင်ဆိုင်မှုပါဝင်သည့် လုံးချင်းအိမ်ရာများနှင့် မိတ်ဆက်ခဲ့ပါသည်။

City Loft ၏ ပထမဆုံး အဆောက်အဦ ၃ ခုဖြစ်သော A1၊ B2 နှင့် B1 တို့ကို အခန်းဝယ်ယူသူများထံ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

## SEP

မြောက်ဒဂုံဆေးခန်းကို ဖွင့်လှစ်ခဲ့ပါသည်။ ထိုဆေးခန်းတွင် ပြင်ပလူနာဝန်ဆောင်မှုများအပြင် ဆေးဝယ်ယူနိုင်ခြင်း၊ ဓာတ်မှန်ရိုက်ခြင်း၊ ပုံရိပ်ဖော် ရိုက်ကူးခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

ဒီဂျစ်တယ်နည်းပညာများဖြင့် ကျန်းမာရေးဝန်ဆောင်မှု ပေးစွမ်းခြင်းကို တိုးမြှင့်နိုင်ရန်နှင့် ပြည်သူများ လက်လှမ်းမီနိုင်သော ကျန်းမာရေးဝန်ဆောင်မှု အတွက် Prudential Myanmar Life Insurance Limited နှင့် လက်မှတ်ရေးထိုး မိတ်ဖက်ခဲ့ပါသည်။

တော်ဝင်ဆေးခန်းကို ဖွင့်လှစ်ခဲ့ပါသည်။ တိုးများလာသည့်လူနာနှင့်ပိုမိုကောင်း မွန်သောကျန်းမာရေးဝန်ဆောင်မှုများပေးစွမ်းနိုင်ရန် မြို့လယ်ခေါင်ရှိ ဆေးခန်းကို တော်ဝင်လမ်းသို့ ရွှေ့ပြောင်းဖွင့်လှစ်ခဲ့ပါသည်။ဆေးခန်းသည် အခြေခံကျန်းမာရေး ကုသမှုများမှ အရေးပေါ်ကုသမှုများအထိ လုပ်ဆောင်ပေးနိုင်မှာဖြစ်ပြီးနေ့စဉ် နံနက် ၉ နာရီမှ ညနေ ၈ နာရီအထိဖွင့်လှစ်ပါသည်။

## OCT

ပန်းလှိုင်စီလုံဆေးရုံများကို ပန်းလှိုင်ဆေးရုံများ("PHH") အမှတ်တံဆိပ် အဖြစ် ပြောင်းလဲခဲ့ပါသည်။ PHH ကို FMI နှင့် OUE Lippo Healthcare Singapore တို့အကြား အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါသည်။

## NOV

"City Loft" အမှတ်တံဆိပ်ဖြင့် ဒုတိယမြောက် စီမံကိန်းဖြစ်သော City Loft West နှင့် ပထမဆုံး ဆင်ခြေဖုံးရုံးခန်း အဆောက်အဦး Star Hub တို့အား ဆောက်လုပ်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။

Yoma Central သည် Best Retail Development Asia ၊ Mixed-Use Development Myanmar ဆုတို့ကို ဆွတ်ခူးခဲ့သည့်အပြင် Best Office Development အတွက်လည်း အားပေးထောက်ခံချက်များစွာ ရရှိခဲ့ပါသည်။

## DEC

ပန်းလှိုင်ဆေးရုံသည် မြန်မာနိုင်ငံရှိ ပြည်သူများအတွက် Antigen Rapid Diagnostic Test kit ဖြင့် Covid-19 ရောဂါပိုး ရှိ၊ မရှိစစ်ဆေးပေးရန် မြန်မာနိုင်ငံ၏ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ခွင့်ပြုချက်ရရှိခဲ့သည့် ပထမဆုံးသော ပုဂ္ဂလိကဆေးရုံဖြစ်ပါသည်။

Yoma Central သည် Best Retail Development Asia ဆုကိုလည်း ရရှိခဲ့ပါသည်။။